**CHIN NATIONAL FRONT**
**General Headquarters**
**Chinland**

**Website:** chinland.org **Email:** cnf.headquarters@gmail.com

## ချင်းပြည်သူများထံ အသိပေးပန်ကြားခြင်း

********

ချင်းအမျိုးသားတပ်ဦးသည် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးများ အပြည့်အဝရရှိပြီး တန်းတူမှုရှိသော အမျိုးသားပြည်နယ်များနှင့် ပထဝီအခြေခံ ပြည်နယ်များဖြင့် စုဖွဲ့ထားသည့် ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေပါသည်။

ချင်းအမျိုးသားတပ်ဦးသည် ချင်းအမျိုးသားစည်းလုံးညီညွတ်ရေး၊ ချင်းအမျိုးသားများ ပြန်လည်သင့်မြတ်ရေးနှင့် ချင်းအမျိုးသားနိုင်ငံရေး ပိုမိုအားကောင်းလာရေးတို့ကို ရှေးရှု၍ သေဒဏ်နှင့် အခြားပြစ်ဒဏ်များ စီရင်ခြင်းခံရသူများအားလုံးကို ၂၀၂၀ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့တွင် ကျရောက်သော (၃၂) နှစ်မြောက် ချင်းတော်လှန်ရေးနေ့တွင် လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်သည်။

ချင်းအမျိုးသားလုံခြုံရေး (Chin National Seccurity) သည် ယနေ့ကာလ၌ အရေးပေါ်အခြေအနေသို့ ရောက်ရှိနေပါသည်။ ချင်းအမျိုးသားလုံခြုံရေးကို တာဝန်ယူဆောင်ရွက်ရန် လိုအပ်နေသကဲ့သို့ ချင်းအမျိုးသားတည်ဆောက်ရေး (Chin National Building) ကိုလည်း အမြင့်ဆုံးအဆင့်သို့ မြှင့်တင်ဆောင်ရွက်ရန် လိုအပ်နေပါသည်။ ချင်းအမျိုးသားတပ်ဦး၏ သတ္တမအကြိမ်မြောက် ပါတီညီလာခံသက်တမ်း ကြွေးကြော်သံအဖြစ် “ချင်းအချင်းချင်း သွေးစည်းညီညွတ်ကြလေ” ဟူသည့် ကြွေးကြော်သံကို သတ်မှတ်ထားပါသည်။ ထို့ကြောင့် ချင်းအမျိုးသားလုံခြုံရေးနှင့် ချင်းအမျိုးသားတည်ဆောက်ရေးအတွက် ချင်းအမျိုးသားအားလုံး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အောက်ပါအတိုင်း တာဝန်ယူဆောင်ရွက်ကြရန် အသိပေး ပန်ကြားအပ်ပါသည်။

(၁) ချင်းအမျိုးသားတည်ဆောက်ရေးနှင့် ချင်းအမျိုးသားလုံခြုံရေးအတွက် ချင်းအမျိုးသားတိုင်းတွင် တာဝန်ရှိသည်။
(၂) ချင်းအမျိုးသားတည်ဆောက်ရေးနှင့် ချင်းအမျိုးသားလုံခြုံရေးအတွက် ဒေသ၊ မြို့နယ်အဆင့်များကို ကျော်လွန်၍ အမျိုးသားတစ်ရပ်အဆင့်ဖြင့် ဆောင်ရွက်ကြရမည်။
(၃) ချင်းဘာသာရေးခေါင်းဆောင်များ (ပြည်တွင်း/ပြည်ပ) သည် ချင်းအမျိုးသားတည်ဆောက်ရေးနှင့် ချင်းအမျိုးသားလုံခြုံရေးအတွက် အသီးသီး တာဝန်ရှိသည်။
(၄) ချင်းအမျိုးသားတည်ဆောက်ရေးနှင့် ချင်းအမျိုးသားလုံခြုံရေးအတွက် ချင်းအမျိုးသားတိုင်း သင့်လျော်သည့် ရန်ပုံငွေပမာဏဖြင့် ပါဝင်ရမည်။
(၅) ချင်း စီးပွားရေးလုပ်ငန်းရှင်များ (ပြည်တွင်း/ပြည်ပ) သည် ချင်းအမျိုးသားတည်ဆောက်ရေးနှင့် အမျိုးသားလုံခြုံရေးအတွက် ဝိုင်းဝန်းပံ့ပိုးရန် တာဝန်ရှိသည်။

ဗဟိုကော်မတီ
ချင်းအမျိုးသားတပ်ဦး

၂၀၂၀ ခုနှစ်၊ မတ်လ (၂၀) ရက်

Chin National Front – General Headquarters, Chinland